ဓာသံ

မြန်မာ့လွတ်လပ်ရေးသည်၊

# တိုင်းရင်းသား အားလုံးတို့၏ လွတ်လပ်ရေး ဖြစ်ပေသည်။

၁၃၀၅ ခု၊ ဝါခေါင်လဆန်း ၇ ရက်၊ စနေနေ့ နံနက် ၁၀ နာရီအချိန်တွင်၊ နိုင်ငံတော်အဓိပတိ အရှင်မင်းကြီး၏ ရှေတော်သို့ ဗဟိုကရင်အမျိုးသားအဖွဲ့ဥက္ကဋ္ဌဒေါက်တာ စံ-စီ-ဖိုးနှင့်တကွ အဖွဲ့ဝင်လူကြီးမင်းများကိုယ်တိုင် ကြွရောက်ကြ၍၊ အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ စံ-စီ-ဖိုးက၊နိုင်ငံတော်အဓိပတိ အရှင်မင်းကြီးအား၊ကရင်လူမျိုးအားလုံးက အမြဲကြည်ညို အားထားကြသည့်အလျောက်၊ ယခုကဲ့သို့ ဗမာပြည်သစ်တွင် အထွဋ်အထိပ်သို့ ရောက်ရှိသဖြင့်၊ ဝမ်းသာအားရကြောင်း။ ကရင်များက နိုင်ငံတော်အဓိပတိ အရှင်မင်းကြီးကို ယုံကြည်ကိုးစားကြောင်း။ သစ္စာစောင့်သိရိုသေကြမည်ကြောင်း၊အစီရင်ခံပြီးလျှင် ဗဟိုကရင်အမျိုးသားအဖွဲ့၏ ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းများကို အဖွဲ့၏ကိုယ်စား မစ္စတာဆစ်ဒနီ-လူနီက အစီရင်ခံတင်သွင်းကြောင်း။

ထိုအစီရင်ခံစာတွင် နိုင်ငံတော်အဓိပတိ အရှင်မင်းကြီး၏ ဥာဏ်အမြော်အမြင်များနှင့် ဖွဲ့စည်းခန့်အပ်လိုက်သော ဗဟိုအမျိုးသားအဖွဲ့၏လုံ့လကြောင့်၊ဗမာ-ကရင်ချစ်ကြည်ရေးကိစ္စမှာ လုံးဝ ထမြောက်အောင်မြင်ခဲ့ပြီးဖြစ်ပါကြောင်း။ အဓိပတိ အရှင်မင်းကြီး၏ ဗမာ့လွတ်လပ်ရေး ကျေညာစာတမ်းတွင်လည်း ဗမာ-ကရင်အကျုံးဝင်သည့် တမျိုးသားလုံး၏ အခွင့်အရေးများကို ကွဲပြားခြားနားခြင်းမရှိ၊အညီအညွတ်ရရှိစေရမည့်အချက်အလက်များဖြင့်ပြည့်စုံသောကြောင့်၊ ကျွန်တော်များအဖွဲ့မှ ပို၍ဝမ်းမြောက်ချီးကျူးရပါကြောင်း။

ကမ္ဘာပေါ်ရှိ မည်သည့်လူမျိုးမဆို လွတ်လပ်ရေးကို လိုလားတောင့်တကြသည် အမှန်ပင်ဖြစ်သည့်အတိုင်း၊ အင်္ဂလိပ်တို့၏ မတရားချုပ်ချယ်အာဏာလွှမ်းမိုးမှုကို မလွှဲမရှောင်သာ ခံခဲ့ကြရသဖြင့်သာ၊ ကရင်-ဗမာ အထင်အမြင် လွဲမှားစေသည့် ကိစ္စပေါ်ပေါက်ခဲ့ရသည်ကို အထူးဝမ်းနည်းကြေကွဲရပါသည်။ ယခုအခါတွင် နိပ္ပန်တို့အား ဗမာနိုင်ငံတော်အပေါ်၌ ထားရှိသောမြင့်မြတ်သည့်စေတနာစိတ်ထားကို ကျွန်တော်များက အထူးချီးကျူးရပါကြောင်း။

ကရင်-ဗမာဆက်ဆံရေးမှာ လွန်စွာလိုလားနေသည့်အချိန်တွင်၊ ဗမာနိုင်ငံတော်အဓိပတိ အရှင်မင်းကြီး၏ဥာဏ်အမြော်အမြင်ကြီးမားမှုကြောင့် ကျွန်တော်များ၏ ဗဟိုကရင်အမျိုးသားအဖွဲ့ကြီးကို ဖွဲ့စည်းရန် ဘိတ်ခေါ်ခြင်း ခံရသည့်အတွက်လည်း အရှင်မင်းကြီးအား အထူးကျေးဇူးတင်ရပါကြောင်း။ အရှင်မင်းကြီးပေးသနားသော အထက်ပါအခွင့်အရေးကို အသုံးပြုလျက်၊ခေါင်းဆောင်ကြီး ဒေါက်တာ စံ-စီ-ဖိုး အမှူးပြုသည့်ကရင်အမျိုးသား ၁၂ ဦးတို့သည် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် စည်ပင်သာယာရေး အစရှိသည်တို့အတွက်၊ဆောင်ရွက်ရန် တာဝန်ယူခဲ့ကြသည့်အတိုင်း၊ကရင်အမျိုးသားတို့က သံသယဖြစ်ခဲ့ကြသည်ကိုပပျောက်ကုန်စင်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

နိုင်ငံတော်အဓိပတိ အရှင်မင်းကြီး၏ ကြင်နာမှုနှင့်ပွင့်လင်းစွာဆက်ဆံမှုတို့ကြောင့်၊ထိုမျှကြီးမား များပြားသောတာဝန်ကြီးသည်၊ဝိန်းကြာဖက်တွင် ရေမတင် လျှောကျဘိသကဲ့သို့ ယခုအခါ၌ချောမော ပြေပြစ်စွာ ရှိနေကြရပါပေသည်။

ဗဟို ကရင်အမျိုးသားအဖွဲ့၏ လုံ့လ ဉဿဟကြောင့် ကရင်-ဗမာချစ်ကြည်ရေးလုပ်ငန်းများ အထမြောက် အောင်မြင်ရုံတွင်မျှမက၊နိပ္ပန်များနှင့်ဆက်ဆံရေးမှာလည်း အလားတူပင် ထမြောက် အောင်မြင်လျက် ရှိကြပါကြောင်း။

ထိုကဲ့သို့ဆောင်ရွက်ကြရာတွင် ရံဖန်ရံခါ၌အရှင်မင်းကြီးနှင့် အရှင်မင်းကြီး၏ အစိုးရအဖွဲ့ဝင် အရာရှိများထံမှသော်၎င်း၊ နိပ္ပန်အာဏာပိုင်များထံမှသော်၎င်း၊ အကူအညီကိုလွယ်လင့်တကူ ရရှိခဲ့သည်ကိုလည်း ကျွန်တော်များက နှစ်ထောင်းအားရ ရှိလှပါကြောင်း။

ဗဟို ကရင်အမျိုးသားအဖွဲ့ကြီးကို အရှင်မင်းကြီး၏အလိုတော်အရ၊ ၁၉၄၃ ခု၊မတ်လ ၁၅ ရက်နေ့တွင် စတင်တည်ထောင်ခဲ့ရာ၊ လွန်စွာ တိုတောင်းသော အချိန်ကာလအတွင်း၌ပင်လျှင် အထက်တွင်အစီရင်ခံခဲ့သည့် ကြီးမားများပြားသော ကိစ္စအရပ်ရပ်တို့ကိုဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ကရင်အမျိုးသားများနှင့် အရှင်မင်းကြီး ဦးဆောင်တော်မူသော တို့ဗမာဆင်းရဲသား အစည်းအရုံးကြီး၏ ဆက်ဆံရေးမှာလည်း၊ ဌာနချုပ်မှူး သခင်နုအစရှိသော အရှင်မင်းကြီးနှင့် အစည်းအရုံးခေါင်းဆောင်ကြီးများ၏ ကူညီပူးပေါင်းဆောင်ရွက်မှုကြောင့်၊များစွာထမြောက် အောင်မြင်လျက် ရှိနေပါသည်။ ထိုကိစ္စတွင် ဗဟို ကရင်အမျိုးသား အဖွဲ့ဝင် မန်းရွှေထွန်းကြာအား၊ ဒုတိယတိုင်းခွဲ ခေါင်းဆောင်အဖြစ် ခန့်ထား ခံရခြင်း အားဖြင့် ထင်ရှားစေခဲ့ပါသည်။

ကရင်အမျိုးသားများမှာ ဘိုးစဉ်ဘောင်ဆက်မှစ၍၊တရားဥပဒေကို စောင့်သိရိုသေစွာ နေထိုင်ခဲ့ကြသူများဖြစ်ကြပါသည်။ကရင်များသည်လည်း ဗမာနိုင်ငံတော် တိုင်းရင်းသားများ ဖြစ်သည့်အားလျော်စွာ၊ တို့ဗမာဆင်းရဲသား အစည်းအရုံးကြီး၏ စည်းမျဉ်းဝါဒဖြစ်သော တသွေး-တသံ-တမိန့် သဘောထားကို ဗမာ့ခေတ်သစ်၊အာရှခေတ်သစ်တည်းဟူသော ခေတ်သစ်နှင့်လျော်ညီစွာ ဗမာပြည်၏အဆင့်အတန်းခိုင်မြဲမှုအတွက် လုံးပမ်းကြမည် ဖြစ်ပါကြောင်း။

အဖွဲ့ဝင်လူကြီးများဖြစ်ကြသော ဒေါက်တာ မိုးတီးလုံးနှင့် စောဘမောင်တို့ကလည်း အထက်ပါအတိုင်းဆောင်ရွက်လုပ်ကိုင်ကြမည့်အကြောင်း အစီရင်ခံကြလေသည်။

ဗဟို ကရင်အမျိုးသားများ၏ အထက်ပါ အစီရင်ခံချက်များကို နိုင်ငံတော်အဓိပတိ အရှင်မင်းကြီးက စိတ်ဝင်စားစွာ ကြားနာ၍ အောက်ပါ အတိုင်း ပြန်ကြားမိန့်မြွက်လိုက်လေသည်။

(၁) ကရင်များက ယခုကဲ့သို့ ယုံကြည်ကိုးစားကြောင်းနှင့် သစ္စာတည်ကြည်စွာ ထားရှိမည့်အကြောင်း ကြားသိရ၍ ဝမ်းသာကြောင်း။ အဓိပတိ အရှင်မင်းကြီးကလည်း ကရင်-ဗမာ-ရခိုင်-မွန် ဟူ၍၊ လူမျိုးခွဲခြားခြင်းမရှိဘဲ၊ ဗမာတသွေးတည်းဟူ၍ အုပ်ချုပ်သွားမည်ဖြစ်ကြောင်းကို ကတိပေးကြောင်း။

(၂) ထိုကဲ့သို့ ခွဲခြားခြင်းမရှိဟူသောအချက်ကို စကားတွင်မဟုတ်၊ အလုပ်နှင့်ပါ ပြရန်လက်ငင်းစီမံနေပြီဖြစ်ကြောင်း။

(၃) ကရင်လူမျိုးများ ရသင့်ရထိုက်သော အလုပ်တာဝန်များကို ပေးအပ်ရန်၊ဌာနအသီးသီးတွင် လောလောဆယ်စီမံနေကြောင်း။

(၄) အထူးအားဖြင့် ကရင်များမှာ၊ အမျိုးသား တပ်မတော်ကြီးသို့ ဝင်ခြင်းအားဖြင့်၊ ရသင့်ရထိုက်သောအခွင့်အရေး၊ တမ်းေ ထမ်းထိုက်သော တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။

(၅) ယခု ဗမာပြည်သစ်မှာ၊ဗမာအားလုံးတို့၏ပြည်ဖြစ်ကြောင်း။ ဗမာဆိုသည်မှာ ဗမာ၊ ကရင်၊ ရခိုင်၊ မွန်၊ ကချင်နှင့်အခြားနိုင်ငံ‌ေ အတွင်း၌ရှိ တိုင်းရင်းသားအားလုံးပါဝင်ကြောင်း။ ဗမာ့လွတ်လပ်ရေးသည် တိုင်းရင်းသားအားလုံး၏ လွတ်လပ်ရေးဖြစ်သည်။ စစ်ရေး ခေတ်ရေး‌ေ ည လည်း အားလုံး၏ စစ်ရေး ခေတ်ရေးဖြစ်သည်။ အဓိပတိ အရှင်မင်းကြီး၏ အဓိကရည်ရွယ်ချက်သည်၊ တမျိုးတည်း၊ တပြည်တည်း၊ တသွေးတည်း၊ တသံတည်း၊တမိန့်တည်း ဖြစ်သော ဗမာပြည်ကြီးကို ဖန်တီးရန်ဖြစ်ကြောင်း။ ၎င်းကိစ္စများသာလျှင် ဗမာ့ ဗဟိုအင်အားကြီးဖြစ်ကြောင်း။ စစ်ကိုလည်း ၎င်းအားများနှင့် နိုင်ရမည်။ခေတ်ကိုလည်း ၎င်းအားနှင့် ထူထောင်ရမည်။ရာဇဝင်ကိုလည်း ၎င်းအားနှင့် ရေးသားရမည်ဖြစ်ကြောင်း။

ဗဟို ကရင်အမျိုးသား အဖွဲ့ဝင်ခေါင်းဆောင်ကြီးများသည်၊နိုင်ငံတော် အာဏာရှင် အဓိပတိ၏ မိန့်မြွက်ချက်ကိုဝမ်းမြောက်ဝမ်းသာ မှတ်သား နာယူကြ၍၊နိုင်ငံတော် အဓိပတိ အရှင်မင်းကြီးထံ အခွင့်ပန်လျက် ရွှင်လန်းဝမ်းမြောက်စွာပြန်လည်ကြွသွားကြလေသည်။

D.S.P.P.B.—No. 19, Dir. of Publcty. & Propgnda., 7-9-43—25,000—1.